## မြို့တော် စာကြည့်တိုက် – Salt Lake City ပြည်သူ့ စာကြည့်တိုက် စနစ်

## စက်တင်ဘာလ 1 ရက်နေ့မှ စတင်ကာ ဤစာကြည့်တိုက်ကတ်နံပါတ်ကို အသုံးပြုနိုင်ပါသည်။

သင်၏ မှတ်တမ်းအဖြစ် သိမ်းထားပါ – ကျောင်းသို့ ပြန်လည် မအပ်နှံပါနှင့်

ကျောင်းသား အမည်-

ယာယီ စာကြည့်တိုက်ကတ် #

ကျောင်းသား၏ ဂဏန်း 4 လုံးပါသော ပင်နံပါတ်#
(ရုံးခန်းတွင် တောင်းယူနိုင်ပါသည်)

ဤယာယီ စာကြည့်တိုက်ကတ်နံပါတ်နှင့် ဂဏန်း 4 လုံးပါသော ပင်နံပါတ်ကိုသုံးပြီး သင့်ကလေးသည် စာကြည့်တိုက်တွင်းရှိ ပစ္စည်းများကို ဝင်ရောက်သုံးစွဲနိုင်ပါသည်။ ထိုနံပါတ်သည် ကွန်ပျူတာထဲ လော့ဂ်အင်ဝင်ရန် အချက်အလက်သလို ဒေတာဘေ့စ် အကောင့်အတွက် အချက်အလက်ဖြစ်သည့်အပြင် ခဏဆိုင်းငံ့ထားပေးရန် တောင်းဆိုချက်အတွက် အသုံးပြုနိုင်သည့် အချက်အလက်လည်း ဖြစ်ပါသည်။ ထိုပင်နံပါတ်သည် ပုံသေအားဖြင့် ကလေး၏ ကျောင်းမှတ်ပုံတင် စာရွက်တွင် ဖော်ပြထားသော ဖုန်းနံပါတ်၏ နောက်ဆုံး ဂဏန်း 4 လုံး ဖြစ်ပါသည်။ မည်သည့် ဖုန်းနံပါတ်ကိုမျှ ပေးမထားပါက ကျပန်း ဂဏန်း 4 လုံးပါသော ပင်နံပါတ်ကို ထုတ်ပေးပါသည်။ အစပိုင်းတွင် မိဘများသည် ပင်နံပါတ်ကို မိမိစိတ်ကြိုက် သတ်မှတ်နိုင်မည် မဟုတ်သော်လည်း နောက်ပိုင်းတွင် www. Slcpl.org ၌ ကလေး၏ စာကြည့်တိုက်ကတ် အကောင့်ထဲ ဝင်ပြီး ပြောင်းနိုင်ပါသည်။ ဤပင်နံပါတ်ကို လုံခြုံအောင် သိမ်းထားပြီး သင့်ကလေးအား အလွတ်ကျက်ခိုင်းထားပါ။

ဤယာယီ စာကြည့်တိုက်ကတ် သက်တမ်းမကုန်သေးသော်လည်း သင်သည် သင့်ကလေး၏ စာကြည့်တိုက်အကောင့်ကို အခြေခံကတ်အဖြစ် အဆင့်မြှင့်နိုင်ပါသည်။ အခြေခံကတ်ကိုသုံးခြင်းဖြင့် သင့်ကလေးသည် ပစ္စည်း 13 ခုအထိ ငှားရမ်းနိုင်ပြီး ယင်းတွင် CD အများဆုံး 3 ခွေနှင့် DVD အများဆုံး 3 ခွေ ပါရှိပါသည်။

ကတ်လုပ်လိုလျှင်ဖြစ်စေ၊ သင့်ကလေး၏ အကောင့်ကို အခြေခံကတ်သို့ အဆင့်မြှင့်လိုလျှင် ဖြစ်စေ ကလေး၏ မိဘ သို့မဟုတ် တရားဝင် လုပ်ထိန်းသူ လက်ရှိ နေထိုင်လျက်ရှိသည့် လိပ်စာကို ဖော်ပြထားသော အောက်ပါ အချက်အလက်များနှင့်အတူ ကလေး၏ ယာယီ စာကြည့်တိုက်ကတ်နံပါတ်ကို မြို့တော် စာကြည့်တိုက်ထံ ယူဆောင်လာရပါမည်။

- အမည်၊ မွေးသက္ကရာဇ်၊ လက်ရှိ လိပ်စာနှင့် ဓာတ်ပုံပါရှိသော အိုင်ဒီကတ်
- နေထိုင်သည့် လိပ်စာ မှန်ကန်ကြောင်း ဖော်ပြရန် ဓာတ်ပုံပါသော အိုင်ဒီကတ်နှင့်အတူ ရေမီတာ/မီးမီတာ စာရွက် သို့မဟုတ် ခရက်ဒစ်ကတ် ငွေတောင်းခံလွှာကဲ့သို့ တရားဝင်သော လက်ရှိ သုံးစွဲထားသည့် စာရွက်စာတမ်းကို ယူဆောင်လာနိုင်ပါသည်။

ပုံမှန်အားဖြင့် Salt Lake ကောင်တီ ပြင်တွင် နေထိုင်သူများသည် မြို့တော် စာကြည့်တိုက်ကတ်ကို တစ်နှစ်စာ $80 ဖြင့် ဝယ်ယူရန် လိုအပ်ပါသည်။ သို့ရာတွင် ကောင်တီ၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ Salk Lake City ခရိုင်ကျောင်းတွင် တက်ရောက်လျက်ရှိပြီး မြို့တော် စာကြည့်တိုက်ကတ်ကို အခမဲ့ ပြုလုပ်ခွင့် ရရှိသည့် မည်သည့် အသက်မပြည့်သေးသူမဆိုသည် ဤကျသင့်ငွေကို ကင်းလွတ်ခွင့် ရရှိပါသည်။

မိဘလက်မှတ်-                                        လက်မှတ်ထိုးသည့် ရက်စွဲ-